# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# ၁၁ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၃–၆–၂၀၁၄ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြိယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **စက်ခလုတ်ကို အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးရာတွင် အချက်ပြမီးစနစ်အား ပြုပြင်ပြောင်းလဲ ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝင်းထိန်၊ မိတ္ထီလာ မဲဆန္ဒနယ်၏ **လွှတ်တော်ကိုယ်စားလှယ် (အမျိုးသား)များ ရေရှည် ခေါင်းပေါင်း ပေါင်းထားခြင်းသည် ကျန်းမာရေး ထိခိုက်နိုင်သဖြင့် လွှတ်တော်ဥက္ကဋ္ဌ နေရာယူပြီးသည့် အချိန်မှစ၍ ခေါင်းပေါင်းများကို ချွတ်ထားခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့ပေါ်တွင် မီးသတ်စခန်းတစ်ခုနှင့် ရန်အောင်၊ တောင်ညောင်ကုန်း၊ ယင်းတော်နှင့် ရွှေညောင်ဖူးတိုက်နယ်တို့တွင် မီးသတ်စခန်းခွဲများ ချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) အရ ပြည်သူတို့၏ ရပိုင်ခွင့်ဖြစ်သော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ကို ကန့်သတ်ထိန်းချုပ်သူ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အမိန့်အား ပြန်လည်ရုပ်သိမ်းပေးရန်နှင့် တာဝန်ရှိသူကို ဥပဒေအရ အရေးယူပေးနိုင်ခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့နယ်၊ မြို့သစ်မြို့နယ်ခွဲနှင့် ခမ်းပါတ်မြို့နယ်ခွဲရှိ ကျေးရွာချင်းဆက် လမ်းများအား ကျောက်ချောလမ်း ခင်းပေးရန်အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက ၂၀၁၄–၂၀၁၅ ပြည့်စွက်ဘတ်ဂျက်နှင့် ၂၀၁၅–၂၀၁၆ ဘတ်ဂျက်နှစ်များတွင် မည်သို့ ထည့်သွင်းစီမံပေးမည်ကို သိရှိ လိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ပဲခူးတိုင်းဒေသကြီးအတွင်း အမြန်ကားလမ်းမကြီးနှင့် ယှဉ်၍ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ မုံပြင်–ဗထူးကျေးလက်လမ်း (၁၈)မိုင်ကို နှစ်အလိုက် စီမံချက် ချမှတ်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်း မဲဆန္ဒနယ်၏ **မိုင်းပြင်းမြို့နယ်၊ ယမ်းခမ်းကျေးရွာအုပ်စု၊ နားညောင်ကျေးရွာအတွက် ကျေးရွာချင်းဆက် တံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ကျန်းမာရေးမြှင့်တင်မှုကော်မတီက **"မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။